# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့ (8-12-2013) (၇၆၈၈)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

## အချိန်အခါမဟုတ်မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဝုရှူးနှင့် မြန်မာခြင်းလုံး အခြေခံမျိုးကွဲပြိုင်ပွဲတို့တွင် မြန်မာအသင်း မထမဆု ရွှေတံဆိပ်များ ထပ်မံဆွတ်ခူးရရှိ

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည့် ဝုရှူးပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် မြန်မာခြင်းလုံးပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေတံဆိပ်နှစ်ခုတို့ ထပ်မံရရှိခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝုရှူးပြိုင်ပွဲနှင့် မြန်မာခြင်းလုံး အခြေခံမျိုးကွဲ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဝုရှူးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပပြီး ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို စတင်ကျင်းပရာ အမျိုးသားထောက်လှ အတွဲလိုက်အတိုက် (Duilian) ပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၉ ဒသမ ၆၄ မှတ်ဖြင့် ပထမရရှိပြီး ဖိလစ်ပိုင်အသင်းက ရမှတ် ၉ ဒသမ ၆၂ မှတ်ဖြင့် ဒုတိယရရှိကာ ထိုင်းအသင်းက ရမှတ် ၉ ဒသမ ၆၀ မှတ်ဖြင့် တတိယရရှိသည်။ စင်ကာပူအသင်းက ရမှတ် ၉ ဒသမ ၅၉ မှတ်၊ အင်ဒိုနီးရှားအသင်းက ရမှတ် ၉ ဒသမ ၅၈ မှတ်၊ ဘရူနိုင်းအသင်းက ရမှတ် ၉ ဒသမ ၅၅ မှတ်၊ လာအိုအသင်းက ရမှတ် ၉ ဒသမ ၄၁ မှတ် ရရှိခဲ့ကြသည်။

အမျိုးသားနှစ်ယောက်တွဲ ထောက်လှပွဲစဉ်တွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ကို ကျော်ဇင်သစ်နှင့် ဝေဖြိုးအောင်တို့အတွဲက ဆွတ်ခူးပေးခဲ့ခြင်းဖြစ်သည်။

ယနေ့တွင် အမျိုးသားထိုက်ကျိကွမ်ပြိုင်ပွဲ ပွဲစဉ်များကိုလည်း ကျင်းပသည်။

အမျိုးသားချန်းချွမ်ပြိုင်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံမှ အောင်စည်သူက ပထမ၊ Achmad Hulaefi (အင်ဒိုနီးရှား)က ဒုတိယ၊ Xuan Hiep Tran (ဗီယက်နမ်)က တတိယ အသီးသီးရရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေတံဆိပ်ဆုရ မြန်မာခြင်းလုံးအားကစားသမားများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)



မြန်မာ့လက်ရွေးစင်အသင်းမှ ကျော်ကိုကို ခေါင်းတိုက်ဂိုးသွင်းယူစဉ်။ (ဓာတ်ပုံ-ဌေးနိုင်)

# အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ကျင်းပ

## မြန်မာအသင်းက တင်မော်ဒီးယားအသင်းကို သုံးဂိုး – ဂိုးမရှိဖြင့် ပွဲဦးထွက်နိုင်

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်း ပါဝင်သည့် အဝ်စု(ခ) အမျိုးသားဘောလုံးဖြိုင်ပွဲ ပွဲစဉ်များကို ယနေ့ ညနေ ၄နာရီမစတင်၍ ရန်ကုန်မြို့ လှုင်ယာအားကစားလေ့ကျင့်ရေးစခန်း ဘောလုံးကွင်း (သုဝဏ္ဏ)၌ စတင်ကျင်းပသည်။

ထိုင်းဘောလုံးအသင်း - သုံးဂိုး
တီမောဘောလုံးအသင်း - တစ်ဂိုး

ပွဲဦးထွက်ပွဲစဉ်အဖြစ် ထိုင်းဘောလုံးအသင်းနှင့် တီမောဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြရာ ထိုင်းက ပွဲအစ လေးမိနစ်တွင် နံပါတ်(၇) Thitiphan နှင့် ၃၃ မိနစ်တွင် နံပါတ်(၁၀)Pokklaw A Nan ၏ ဂိုးတို့ဖြင့် ပထမပိုင်းမှာပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

တီမောအသင်းတိုက်စစ်မှာ ဒုတိယပိုင်းတွင် ပိုမိုအသက်ဝင်လာသော်လည်း မိနစ် ၅၀ တွင် ထိုင်းအလယ်တန်းမှ နံပါတ်(၈) Atit Daosawang က တစ်ဂိုးထပ်မံသွင်းယူ၍ ထိုင်းက သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေသည်။

တီမောအသင်းနည်းပြ ဘရာဇီးနိုင်ငံသား ဒီမာဆင်က ကစားသမားအပြောင်းအလဲလုပ်၍ တီမောအသင်းပြန်လည်အသက်ဝင်လာပြီး ၇၆ မိနစ်တွင် လူစားဝင်လာသူ နံပါတ် (၂၃) Jose Carlos က တစ်ဂိုးပြန်လည်သွင်းယူခဲ့သော်လည်း ပွဲရလဒ်ကို ပြောင်းလဲနိုင်စွမ်းမရှိ၍ ထိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ဗွေဆော်ဦး သုံးမှတ်ရယူသွားနိုင်ခဲ့သည်။

ပွဲဦးထွက်ပွဲစဉ်တွင် ရန်ကုန်ဘောလုံးပရိသတ်သည် ယခင်အစဉ်အလာအတိုင်းဝင် အားနည်းသည့် တီမောအသင်းကို ပိုမိုအားပေးခဲ့သော်လည်း ထိုင်းအသင်းကို ခြေစွမ်းအားဖြင့် မယှဉ်သာ၍ ပိုးပြတ်ရှုံးနိမ့်သွားသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❐




**ခြေတစ်လှမ်း ကုဋေတစ်သန်း တန်သူလေး...**

ကျွန်မက ကျောင်းဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မ နေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းချိန်မီအောင် သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့–မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေ ဘယ်လောက် သုံးသုံး မျက်နှာမှာ သနပ်ခါးမကောင်ပါဘူး။ အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေ ဈေးက ရွှေပြည်နန်းရှင်မစောဝင်သနပ်ခါး ဝယ်လာလို့ လိမ်းကြည့်လိုက်တော့ ရနံ့လေးကသင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာ သုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေရှိတော့ပဲ ဖြူပြီးဖွေးလာကာ အဆီမပြန်ပဲ သနပ်ခါးတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာပါပြီ။ ရွှေပြည်နန်း ကုမ္ပဏီကထွက်တဲ့ သနပ်ခါးတိုင်းမှာ ဆေးဝက်လည်းဝင်၊ ရနံ့မတူလည်း တစ်မျိုးစီရှိတာကို ကိုယ်တိုင်သုံးစွဲကြည့်လို့ သိရှိလိုက်ရပါပြီ။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီး တင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ)၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဘိကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
ထပ်ဆင့်ဖော်ပြအပ်ပါသည်။ ။ဒေါ်တင်တင်မြင့် (အလယ်တန်းပြ) အမှတ်(၃)၊ ဓနိပင်လမ်း၊ (၄)ရပ်ကွက်၊ ဘိကလေးမြို့။

ပြည်တွင်းရေးရာ

# မီဒီယာ၊ ရုပ်ရှင်လုပ်ငန်းတို့တွင် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အကြား မီဒီယာ၊ ရုပ်ရှင်လုပ်ငန်းတို့တွင် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel, Yangon ခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Ms.Aure'Lie FILIPPETTI တို့ မီဒီယာ၊ ရုပ်ရှင်လုပ်ငန်းတို့တွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေး စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Ms.Aure'Lie FILIPPETTI၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr.Thierry MATHOU နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Ms.Aure'Lie FILIPPETTI က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် မီဒီယာနှင့်ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်မှတ်ရေးထိုးပွဲသည် အလွန်အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ ယခုလက်မှတ်ရေးထိုးပွဲသည် မိမိတို့နှစ်နှစ်တာကာလကတည်းက အတူတကွလုပ်ဆောင်လာခဲ့သည့် စီမံချက်၏အသီးအပွင့်များဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ တိုးတက်ဖွံ့ဖြိုးပြောင်းလဲမှုများသည် အလွန်ကြီးမားသည့် အနေအထားတွင် ရှိကြောင်း၊ အထူးသဖြင့် လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်အတော်အသင့်ရရှိနေကြောင်း၊ ပုံနှိပ်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် ပြင်သစ်နိုင်ငံမှ ပညာရှင်များက အကူအညီများပေးရန် အသင့်ရှိနေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မီဒီယာလုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးနေသည့် အဆွေတော်ဝန်ကြီးအား ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံဆိုင်ရာ မြင်သစ်သံအမတ်ကြီးကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ပြင်သစ်သံအမတ်ကြီးနှင့် တွေ့ဆုံ၍ မီဒီယာနှင့်ရုပ်ရှင်ကဏ္ဍများ ဖွံ့ဖြိုးရေးဆွေးနွေးနိုင်ခဲ့ကြောင်း။

မိမိတို့အစိုးရသစ်၏ နှစ်နှစ်နှင့် ကိုးလတာကာလအတွင်း သိသာထင်ရှားစွာ ဆောင်ရွက်ခဲ့သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို သိမြင်ပြီးဖြစ်သည်ဟု ယူဆပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အလွန်ကြီးမားသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားခဲ့ရပါကြောင်း၊ ကျော်လွှားနေဆဲလည်းဖြစ်ကြောင်း၊ ဤသို့သောကာလမျိုးတွင် ပြင်သစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ပူးပေါင်းကူညီမှုများအတွက် များစွာ အားရှိစရာဖြစ်ပါကြောင်း။

မီဒီယာနှင့်စပ်လျဉ်း၍ မိမိတို့ဆောင်ရွက်ထားမှုများ အဆင်သင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်ပညာများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ သင်တန်းများကို ပြင်သစ်နိုင်ငံထံမှ အကူညီပေးရန်မျှော်လင့်ပါကြောင်း၊ ရှေ့ဆက်၍ ပြင်သစ်နိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့် ပြင်သစ်နိုင်ငံယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Ms.Aure'Lie FILIPPETTI တို့သည် သဘောတူညီချက်ကို လက်မှတ်ရေးထိုးလဲလှယ်ကြပြီး စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ယခုသဘောတူညီချက် လက်မှတ်ရေးထိုးရန်ကိစ္စကို ၂၀၁၂ ခုနှစ်တွင် စတင်ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးမှုများအရ သဘောတူညီချက်ကို အပြန်အလှန်ညှိနှိုင်းရေးဆွဲပြီး ယနေ့လက်မှတ်ရေးထိုးသည့်အဆင့်ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ယနေ့လက်မှတ်ရေးထိုးခဲ့ကြသည့် မီဒီယာ၊ ရုပ်ရှင်လုပ်ငန်းတို့တွင် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီချက်စာချုပ်သက်တမ်းမှာ နှစ်နှစ်ဖြစ်ပြီး ဤစာချုပ်တွင် Article ရှစ်ခုပါဝင်ကာ အဓိကအားဖြင့် မီဒီယာကဏ္ဍနှင့် ရုပ်ရှင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ကိစ္စများပါဝင်ပါကြောင်း၊ ပါဝင်သည့်အချက်များမှာ-

- ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများဖလှယ်ခြင်း၊ လွှဲပြောင်းခြင်း။
- ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးမြင်း။
- မီဒီယာဥပဒေဆိုင်ရာနှင့် ထိန်းကျောင်းမှုဆိုင်ရာကဏ္ဍများ။
- အစီအစဉ်ဖြန့်ပေမှု။
- ရုပ်သံလိုင်းများ၏ ထုတ်လွှင့်မှု။
- ရုပ်ရှင်လုပ်ငန်းဖွဲ့စည်းတည်ဆောက်မှု။
- ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ငွေကြေးဆိုင်ရာ အကူအညီ။
- ပန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်း။
- ပြင်သစ်-မြန်မာ ပူးတွဲထုတ်လုပ်သော ရုပ်ရှင်များအတွက် World cinema support ရန်ပုံငွေအပါအဝင်မှ ငွေကြေးထောက်ပံ့ရန်ကိစ္စတို့ဖြစ်ပါကြောင်း။

ယခု လက်မှတ်ရေးထိုးပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြင်သစ်ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အကြား စာချုပ်ပါ အချက်များအပေါ်မူတည်၍ နှစ်ဦးနှစ်ဖက်အကြား မီဒီယာကဏ္ဍနှင့် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ (ပထမပတ်)ကို ယနေ့နံနက် ၆ နာရီတွင် တာမွေမြို့နယ် အားကစားနှင့်ကာယပညာ သိပ္ပံ (ကျိုက္ကဆံကွင်း) အမှတ် (၆)ဂိတ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ဦးဝင်းဆွေ၊ တိုင်းဒေသကြီးပန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများသည် အားကစားနှင့်ကာယပညာသိပ္ပံ (ကျိုက္က ဆံကွင်း) အမှတ် (၆)ဂိတ်ရှေ့စုရပ်မှ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အရှေ့မြင်းပြိုင်ကွင်းလမ်းကိုမှတစ်ဆင့် ကျိုက္ကဆံကွင်းတစ်ပတ်စုပေါင်းလမ်းလျှောက်ကြပြီး ကျိုက္ကဆံကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲအမှတ် (၁)၊ (၂)လေ့ကျင့်ခန်းများ စုပေါင်းလုပ်ရှားကြသည်။

ဒီဇင်ဘာအားကစားလလူထုလမ်းလျှောက်ပွဲ(ပထမပတ်)တွင် အားကစားနှင့်ကာယပညာသိပ္ပံမှ ကျောင်းသားကျောင်းသူများ၊ ဗဟန်း၊ တာမွေ၊ ရန်ကင်း၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်များမှ ဒေသခံပြည်သူ ၃၀ပပပ ကျော် ပါဝင်ဆင်နွှဲကြသည်။

Outlab Business Group နှင့် Logic Myanmar Co.,Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် 1st Mobile & Tablet Fair 2013 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ Outlab Business Group ဥက္ကဋ္ဌနှင့် Unlimited Channel Co.,Ltd. မန်နေဂျင်း ဒါရိုက်တာတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းအတွင်းကြည့်ရှုအားပေးသည်။

ပြပွဲတွင် Mobile ဖုန်းအမျိုးမျိုး၊ Tablet အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ အင်တာနက်ပန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပြည်ပကုမ္ပဏီပေါင်း ၅၀ မှ ပြခန်းပေါင်း ၁၀၀ ကျော်ဖြင့် ဒီဇင်ဘာ ၉ ရက်ထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲ (ပထမပတ် လှုပ်ရှားမှုအဖြစ် တပျော်တပါး ပါဝင် ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၅း၄၀ | "ရာဂစသီးတစ်မီးငြိမ်းပြီး ထိုနိဗ္ဗာန်" တရားတော် [ဆရာတော်ဘဒ္ဒန္တကုန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်)] |
| ၆း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၃၅) |
| ၇း၂၀ | ဖက်ရှင်အစုံစုံ ၂၀၁၁ခုနှစ် အကယ်ဒမီဇာတ်ခုံ |
| ၉း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၁၈) |







## ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုခြင်း

ကွယ်လွန်သူဖခင်-ဦးဘဟန်+မိခင်-ဒေါ်စပါယ်နှင့်အစ်ကို၊အစ်မ ဆွေမျိုးအပေါင်းတို့ အားရည်စူး၍ခေတ္တဥက္ကံမြို့ ၊လမ်းမတော် နေ

**ဦးကိုမြင့်** မိသားစုကောင်းမှု

အိန္ဒိယနိုင်ငံ၊ကိုးလ်ကတ္တားမြို့ ၊ဗောဓိသုခပရဟိတမြန်မာကျောင်းဆရာတော်ဒေါက်တာနန္ဒောဘာသဦးဆောင်၍ဆောက်လုပ်လျက်ရှိသောဂယာမြို့ ရှိမဟာဗောဓိသုခပရဟိတမြန်မာကျောင်းတိုက်ကြီး၏ ပထမဦးဆုံးသောဗောဓိရုခမူလအမည်ရှိ( ၅ )ထပ်ကျောင်းဆောင်တော်ကြီးဆောက်လုပ်ရာတွင် ၁၅ × ၁၉ ပေအကျယ်အခန်း ( ၁ )ခန်းအတွက်လှူဒါန်းငွေအမေရိကန်ဒေါ်လာ ( ၇၀၀၀ )တိတိကိုလှူဒါန်းပါဝင်သောကြောင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုအပ်ပါသည်။ မေတ္တာဖြင့်

ဆရာတော်ဒေါက်တာနန္ဒောဘာသ

## မဉ္ဇူမင်္ဂလာ

ဒေါ်သီတာ ဦးဆောင်သော

**ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့**

(၁၁)ညအိပ် (၁၂)ရက်ခရီး – သံဝေဇနီယလေးဌာန (ဖွား+ပွင့်+ဟော+စံ) ခရီးစဉ်များကို(၂၀၁၃) အောက်တိုဘာလမှစတင်ထွက်ခွာပါမည်။

ဘုရားဖူးခရီးစဉ်အစမှအဆုံးထိမည်သည့်အကြောင်းနှင့်မျှငွေကြေးထပ်မံကောက်ခံခြင်းမရှိပါ။
စရန်ငွေတစ်သိန်း ဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ရန်ကုန်ရုံးချုပ်-အမှတ်(၄၄၈-ဘီ)၊ပထမထပ်၊သိမ်ဖြူလမ်းမင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ဖုန်း ၀၁-၂၉၆၄၄၆၊၀၁-၃၉၄၈၈၉၊၀၉-၅၀၁၃၅၂၂၊
၀၉-၅၀၆၅၈၇၁၊၀၉-၄၂၂၄၈၇၉၅၁။
မန္တလေးရုံးခွဲ-အမှတ်(၂၃၅)၊ပထမထပ်၊(၂၈)လမ်း၊(၈၁×၈၂)လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့၊ဖုန်း ၀၉-၄၉၂၈၀၉၁၆၊၀၉-၄၂၅၁၂၈၁၀၂

## ရောင်းရန်ရှိ

၁။ ထ/၃၊ ၁၁ရပ်ကွက်၊ သာယာအေးလမ်း ပေ(၆၀×၆၀)၊ ထောင့်ကွက်၊ လမ်းမတန်းကျောကပ်၊ မီတာ၊ အဝီစိတွင်း၊ အုတ်တံတိုင်းခတ်ပြီး၊ ဂရန်မည်ပေါက်

၂။ သုဝဏ္ဏ၊ VIP.IIဖေယျသုခ ၂လမ်း၊ စစ်ကိုင်းစာသင်တိုက်အနီး ပေ(၆၀×၈၀)၊ မြေသက်သက်၊ ဂရန်အမည်ပေါက်

၃။ ကမ္ဘာအေးစေတီလမ်းမပေါ်၊ ရွှေဂုံတိုင်ပြည့်ဝကွန်ဒို အဆင့်မြင့်ပြင်ဆင်ပြီး ပေ(၄၀×၅၀)၊ ခါတ်လှေကား၊ ကားပါကင်၊ ကြိုးဖုန်း(၁)လုံး

**ဆက်သွယ်ရန်**

ဖုန်း ၀၁-၅၅၂၆၀၆၊ ၀၉-၇၃၀၅၂၆၇၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀ကံ့ဘဲ၊ မြေကွက်အမှတ်-၅၁/ခ၊ ၅၂/ည၊ ၅၃/ယ၊ မြေကွက်ထည့်နေရာအမှတ်-၁၁/က၊ ဥးဘားသန်ရိပ်သာလမ်း၊ ၁၀ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်ခင်သန်းထင်) အမည်ပေါက် မြေပိုင်မြေ ၃(ခ)မြေအား အမည်ပေါက် မိခင်ဒေါ်ခင်သန်းလင်နှင့် ဖခင် ဦးဦးဂါတ် ကွယ်လွန်သဖြင့် ဦးညြထင်မွှေ့မင်း[၁၂/မရက(နိုင်)၀၀၂၁၆၆]၊ ဦးကျော်စာဉ်း[၁၂/မရက(နိုင်)၁၅၀၂၅၃]၊ ဒေါ်ဇင်နီယာသ[၇/ပမန(နိုင်)၁၁၃၃၇၀]၊ ဦးထးရန်ကျော်[၁၂/မရက(နိုင်)၁၄၄၈၀၆]တို့အနက်မှ ဦးထးရန်ကျော်၏G/P(၆၂၁၅/၁၃) ၂၂-၄-၂၀၁၃ ရရှိသ ဒေါ်အေးအေးကြူ[၁၂/မရက(နိုင်)၀၆၅၇၀၇]တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်း၊ G/P ကျမ်းကျိန်လွှာ အမည်ပေါက်သည့် အပင်ပေးကမ်းမြင်းစာချုပ်-၂၈၄၀/၂၀၀၃ (၁၅-၇-၂၀၁၃)တို့တင်ပြ၍ အမေဆက်ခံပင်ဆိုင်ကြောင်းနှင့် စန့်လတ်စာချုပ်ချုပ်ရန်တို့အတွက် မြေပိုကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## L.M.A KOREAN LANGUAGE CENTRE

**ကိုရီးယား E.P.S (TOPIK) စာမေးပွဲ**

ကိုရီးယား အခြေခံ၊ စကားပြော
အင်္ဂလိပ်၊ ကွန်ပျူတာ (Graphic)

အမှတ်(၁၄၈/၁၅၂)၊ ၄-လွှာ၊ အနော်ရထာလမ်းနှင့် ၃၅လမ်းထိပ်၊
ကျောက်တံတားမြို့နယ်၊ ဖုန်း – ၀၉ ၇၃၁၆၉၉၅၃

မိုက်ခြေလစ်/လေဗီအား
**Full Auto** အုတ်ရိုက်စက်
PH:09 731 99 410
09420035882, 73199257

# လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

**SINMA FURNISHINGS CO., LTD. ၏ *Sinma Living Mall* ကို နေပြည်တော် ဥတ္တရသီရိမြို့နယ် Commercial Complex ၌ ၆.၁၂.၂၀၁၃ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။**

ဦးအောင်ရွှေ
Quality Food House Manufacturing Co., Ltd.

ဒေါက်တာ ကျော်ဝင်း
Magic Land Co., Ltd.

ဦးခင်ထွေး
Metropolitan Trading Co., Ltd.

ဦးကိုကိုကြီး
Hotel Halpin

ဦးပြုံးချို
Myanmar King Fish Co., Ltd.

ဦးဝင်းဆွေ
Mann Shwe Li Trading Co., Ltd.

ဦးဇော်မိုးဝင်း
Win Hotels and Resorts Co., Ltd.

ဦးစိုးဟန်လင်း
မြတ်လင်းလက်ကုမ္ပဏီလီမိတက်

NIKKO UMBRELLA Golden Five Co., Ltd.

ဦးမင်းလွင်အောင်
သိဃ်ရတနာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဦးရုံးမူ
Green Light Co., Ltd.

ဦးဖေဝင်း
Gold Delta Co., Ltd.

ဦးထွန်းလှိုင်
Yangon Lotus Garment Co., Ltd.

ဦးသောင်း
Tony Thaung Co., Ltd.

ဦးဇလင်းထက်
Zan International Co., Ltd.

ဦးအောင်မော်သိန်း
Myanmar Distribution Group Co., Ltd.

ဦးသန်းအောင်လင်း
ရာပြည့်ကုမ္ပဏီလီမိတက်

YT Ywar Taw International Trading Co., Ltd.

ဦးသိန်းဝင်း
Diamond Star Jewellery Center

ဦးမောင်မောင်ကြီး
Mg Mg Gyi Trading Co., Ltd.

ဦးတီပိုး
အောင်မိုးခိုင် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

ဦးကျော်နိုင်
ရတနာကြယ် ကုမ္ပဏီလီမိတက်

ဦးမောင်မောင်ဦး
Super Coffeemix

ဦးအောင်နိုင်လေး
D 36 Construction Company Limited

ဦးဝင်းငွေ
Swallow King Trading Co., Ltd.

ဦးအေးဟန်
United Paints Group Co., Ltd.

MITSUBISHI ELECTRIC PME Co., Ltd.

# ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအပေါ် ဆက်လက်ကူညီပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Christine Lagarde ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဘဏ်စနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍပြုပြင်ပြောင်းလဲမှု၊ ငွေကြေးစနစ်မူဝါဒပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများ၊ အချိန်တိုကာလအတွင်း မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်တိုးတက်လာသော ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအပေါ် ဆက်လက်ကူညီ ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

# ဂေဟာရဗ္ဗစက္ကာလယသံထည်စက်ရုံ ရန်ကုန်မြို့တွင် တည်ဆောက်မည်

ရန်ကုန် ဒီဇင်ဘာ ၇

ဧရာဝတီမြစ်နှင့် သံလွင်မြစ်နှစ်သွယ်အကြား လိုအပ်နေသော မြစ်ကူးတံတားများ အသုံးပြုရန် သံမဏိသံပေါင်များ ထုတ်လုပ်မည့် ဂေဟာရဗ္ဗစက္ကာလယသံထည်စက်ရုံကို ပြည်တွင်း၌ တည်ဆောက်နိုင်ရန်အတွက် ဂျပန်-မြန်မာ ပူးပေါင်း၍ J& M Steel Solutions Co., Ltd. က အမေရိကန်ဒေါ်လာ ၁၂ သန်း ရင်းနှီးမြှုပ်နှံပြီး ၂၀၀၄ ခုနှစ် ဧပြီလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း J& M Steel Solutions Co., Ltd. ဖွင့်ပွဲအခမ်းအနားတွင် J&M ကုမ္ပဏီမှ Kishimoto က ပြောကြားသည်။

ဂေဟာရဗ္ဗစက္ကာလယ သံထည်စက်ရုံကို ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် တည်ဆောက်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ JFE ကုမ္ပဏီတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး J&M ကုမ္ပဏီက ၎င်းမြေနေရာတွင် အလျင်အမြန်တည်ဆောက်နိုင်ရန်အတွက် ဒီဇင်ဘာ ၁ ရက်က ပန္နက်တင်မင်္ဂလာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းစက်ရုံကို အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးနိုင်ရန် စက်ရုံအတွက် လိုအပ်သောပစ္စည်းများကို ဂျပန်နိုင်ငံတွင် အသင့်ပြုလုပ်သယ်ဆောင်ပြီး ၂၀၁၄ ခုနှစ် ဧပြီလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ယင်းစက်ရုံသည် နှစ်စဉ် တစ်နှစ်လျှင် တန်ချိန် တစ်သောင်းထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါစက်ရုံသည် မြစ်များ၊ချောင်းများ ခြားနားမှုကြောင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်နေသော မြို့ပြနှင့်ကျေးလက်ကွာဟမှု လျော့ပါးစေရန်အတွက် တံတားတည်ဆောက်ရာတွင် အသုံးပြုသော သံမဏိသံပေါင်များ၊ လက်ရန်းသံပေါင်များ၊ သံမဏိကြိုးများ၊ ဝန်ချီကရိန်းစက်ကြီးများကို ထုတ်လုပ်နိုင်သော စက်ရုံဖြစ်သည့်အပြင် မြို့ပြ၏ လိုအပ်ချက်ဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးဝစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

စက်ရုံ၏ အကျယ်အဝန်းမှာ အလျား မီတာ ၃၀၀ နှင့် အနံမီတာ ၁၀၀ ရှိပြီး JFE Engineering Corporation မှ ၆၀ ရာခိုင်နှုန်းရရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးမှ ၄၀ ရာခိုင်နှုန်း ရရှိမည်ဖြစ်ကြောင်း မန်နေဂျင်းဒါရိုက်တာ Yasuo Shoji ၏ ပြောကြားချက်အရ သိရသည်။

J&M ကုမ္ပဏီသည် အောက်တိုဘာ ၁၈ ရက်တွင် MIC ၏ ခွင့်ပြုချက်ကို ရရှိခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်တွင် ကုမ္ပဏီမှတ်ပုံတင်ခဲ့ပြီး ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၂ သို့ ❖

# နေပြည်တော်တွင် လမ်းလွဲမောင်းနှင်ကြရမည့် အချိန်နှင့် လမ်းကြောင်းများထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲမတိုင်မီနှင့် ပိတ်ပွဲပြီးဆုံးသည်အထိ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)နှင့် (မြို့တွင်း)ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မော်တော်ယာဉ်များ လမ်းလွဲအသုံးပြုနိုင်ရန် အချိန်နှင့်လမ်းကြောင်းများကို နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ အဝေးပြေးမှ သတိပေးကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေးမြို့နှင့် ပြည်မြို့သို့ ပြေးဆွဲသည့် မော်တော်ယာဉ်များသည် နေပြည်တော်မြို့မဈေးမှ ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း ကံ့ကော်ပန်းအဝိုင်း (စီ-လမ်းဆုံမှတစ်ဆင့်)အမြန်လမ်းပေါ်သို့လည်းကောင်း၊ ပျဉ်းမနား-တောင်ညိုပြေးဆွဲသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❑




အမျိုးသမီးခြင်းလုံး အခြေခံမျိုးကွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် မြန်မာအမျိုးသမီးအသင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

## နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
| --- | --- | --- | --- |
| မြန်မာ | ၆ | ၁ | ၀ |
| ထိုင်း | ၂ | ၂ | ၁ |
| ဗီယက်နမ် | ၁ | ၁ | ၁ |
| မလေးရှား | ၁ | ၀ | ဂ |
| ကမ္ဘောဒီးယား | ၀ | ၂ | ၂ |
| လာအို | ၀ | ၂ | ၂ |
| အင်ဒိုနီးရှား | ၀ | ၁ | ၀ |
| ဖိလစ်ပိုင် | ၀ | ၁ | ၀ |
| စင်ကာပူ | ၀ | ၀ | ၁ |
| ဘရူနိုင်း | ၀ | ၀ | ၀ |
| တီမော | ၀ | ၀ | ၀ |



ကြေးမုံ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထူးထုတ်

(၄၄)နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။ ၈ - ၁၂ - ၂၀၁၃ (တနင်္ဂနွေနေ့)

# ပြိုင်ပွဲဝင်ရန် အသင့်အနေအထားတွင် ရှိနေပြီဖြစ်တဲ့ မြန်မာနိုင်ငံကိုယ်စားပြု မွေ့အားကစားအဖွဲ့

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် မွေ့အားကစားအဖွဲ့သည် လက်ရှိအချိန်တွင် ပြိုင်ပွဲဝင်ရန် အသင့်အနေအထားတွင် ရှိနေပြီဖြစ်ကြောင်း မွေ့အားကစားအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ မွေ့အားကစားအဖွဲ့အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲများတွင် တစ်ကြိမ်မျှ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးခြင်းမရှိသော်လည်း ယခု (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မွေ့အားကစားပြိုင်ပွဲမတိုင်မီ ပြိုင်ပွဲဝင်ရန် အသင့်အနေအထား ရောက်ရှိအောင် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ လေ့ကျင့်ကစားစေခဲ့ကြောင်း၊ လေ့ကျင့်ချိန်နှင့် ပတ်သက်၍ နံနက် ၇ နာရီမှ ၈ နာရီခွဲနှင့် ညနေ ၃ နာရီမှ ၅ နာရီ စသည်ဖြင့် လေ့ကျင့်ရေးပိုင်းကို နှစ်ပိုင်းခွဲကာ လေ့ကျင့်မှုများပြုလုပ်ထားကြောင်း သိရသည်။

အမျိုးသမီး မွေ့အားကစားသမားများအနေဖြင့် ဆီးဂိမ်းအကြိုအဖြစ် ကျင်းပသည့် ခြောက်နိုင်ငံဖိတ်ခေါ်ပြိုင်ပွဲသာလျှင် အတွေ့အကြုံရှိထားသော်လည်း အမျိုးသားမွေ့ကစားသမားများသည် အတွေ့အကြုံရင့်ကျက်သည့် ကစားသမားများဖြစ်၍ ဆီးဂိမ်းတွင် အောင်မြင်မှုအတွက်

စာမျက်နှာ ၂၁သို့ »»



သတင်း - နိုင်လင်းကြည်
ဓာတ်ပုံ - YAMANYA

## မန္တလေး၌ ဗီယက်နမ် အမျိုးသမီး ဘောလုံးအသင်း လေ့ကျင့်လျက်ရှိ

စာမျက်နှာ ၂ »»



## ဖြည်းဖြည်းလေးနဲ့ ရေးရေးလေး တွေးကြည့်ဖို့လိုပြီ

စာမျက်နှာ ၃ »»

# IBC/MPC မှ စကားစများ

သတင်းမြင်ကွင်း- ဓေယျာ(မြိုင်ရာ)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို (၄၄)နှစ်ကြာမှ မြန်မာနိုင်ငံမှာ ပြန်လည်ကျင်းပခွင့်ရရှိခြင်းအတွက် ခမ်းခမ်းနားနားနှင့် အောင်အောင်မြင်မြင်ဖြစ်အောင် နိုင်ငံတော်နှင့် တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်က စီစဉ်နေသည်ကို အားလုံးအသိပင်ဖြစ်ပါလိမ့်မည်။

ဤသို့ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေသော်ငြားလည်း အားနည်းချက်များကို ယနေ့အချိန်ထိ တွေ့မြင်နေရသည်။ မြန်မာနိုင်ငံတွင်း၌ ပြုလုပ်သည့် အားကစားပွဲဖြစ်သော်လည်း နိုင်ငံတကာအားကစားသမားများနှင့် ဧည့်သည်တော်များပါ လာရောက်ကြမည့်ပွဲဖြစ်သည်။ အားနည်းချက်များကို မြန်မာအချင်းချင်း ဖြစ်တင်ဝေဖန်ကြမည် မဟုတ်သော်လည်း နိုင်ငံတကာဧည့်သည်များကတော့ မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်မှာ ကောင်းကောင်းကြီးဖြစ်တင်ဝေဖန်ကြမည်မှာ မုချကေန်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာနိုင်ငံက အကောင်းဆုံးပြင်ဆင်ထားသည်ကို နိုင်ငံတကာအလယ်မှာ မှတ်ကျောက်တင်နိုင်ဖို့ လိုပေသည်။

ဤသို့ဆိုလျှင် နိုင်ငံတကာအားကစားပွဲ လက်ခံကျင်းပသည့် မည်သည့်နိုင်ငံမဆို မဖြစ်မနေထားရသည့် International Broadcasting Center နှင့် Main Press Center မှ စကားစများကို ဆွဲထုတ်ပြချင်ပါသည်။ အဆိုပါနေရာသည် နိုင်ငံတကာနှင့် ပြည်တွင်းရုပ်သံလွှင့်များအတွက် မိမိနိုင်ငံ/မိမိရုပ်သံဌာနများသို့ ရုပ်သံတိုက်ရိုက်လွှင့်ပေးနိုင်သလို နိုင်ငံတကာနှင့် ပြည်တွင်းသတင်းထောက်များအတွက် တစ်နေရာတည်းတွင်ပင် ပြီးပြည့်စုံသော သတင်းတစ်ပုဒ် ရေးသားနိုင်မည့်အချက်အလက်ရယူနိုင်သော နေရာလည်းဖြစ်ပေသည်။ အားကစားပြိုင်ပွဲတစ်ခုလုံး၏ သတင်းအချက်အလက်များကို လွယ်ကူလျင်မြန်စွာ စီးဆင်းစေသော နေရာတစ်ခုဟုဆိုပါကလည်း မမှားနိုင်ပေ။

အဆိုပါ IBC/MPC ၏ အပြင်အဆင်သည် ပြိုင်ပွဲကျင်းပသည့်နိုင်ငံများ၏ အလံများ လွှင့်ထူထားသည်မှလွဲ၍ IBC/MPC သို့

စာမျက်နှာ ၂၁သို့ »»








အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ခြင်းလုံးအားကစားပြိုင်ပွဲ မြန်မာအသင်းအောင်နိုင်ရေး လာရောက်ကြည့်ရှုအားပေးနေသော ကျောင်းသား ကျောင်းသူများ(ဝဲပုံ) နှင့် မြန်မာအမျိုးသား ခြင်းလုံးအဖွဲ့၏ ပြိုင်ပွဲပင်ဟန်။ (ယာပုံ)

# ခြင်းလုံးအားကစားပြိုင်ပွဲ မြန်မာအမျိုးသား အမျိုးသမီးအသင်း ရွှေများဆွတ်ခူး

သတင်း - သန်းနိုင်(ဇမ္ဗူသီရိ)
ဓာတ်ပုံ - ခင်မောင်ဝင်း

နေပြည်တော် ဒီဇင်ဘာ ၇

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာခြင်းလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနား၌ မြန်မာခြင်းလုံးပြိုင်ပွဲ အမျိုးသား (မူလအဆင့်) မျိုးကွဲပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆုများပေးအပ်ချီးမြှင့်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို International Sepaktakraw Federation (ISTAF) Secretary General Dato Abdul Halim Bim Kader,BBM က ပေးအပ်ခဲ့သည်။ အဆိုပါ မြန်မာခြင်းလုံးပြိုင်ပွဲ၌ (မူလအဆင့်) အမျိုးသားမျိုးကွဲပြိုင်ပွဲတွင် ပထမဆုကို မြန်မာနိုင်ငံမှ ဆွတ်ခူးရရှိပြီး ဒုတိယဆုကို ကမ္ဘောဒီးယား၊ ပူးတွဲတတိယဆုကို စင်ကာပူနှင့် မလေးရှားနိုင်ငံတို့က ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာခြင်းလုံးပြိုင်ပွဲ (မူလအဆင့်) အမျိုးသမီး မျိုးကွဲပြိုင်ပွဲ ယှဉ်ပြိုင်ကြရာတွင် ပထမဆုကို မြန်မာနိုင်ငံ၊ ဒုတိယဆုကို လာအို၊ ပူးတွဲတတိယဆုကို ကမ္ဘောဒီးယားနှင့် မလေးရှား နိုင်ငံတို့က ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ မြန်မာခြင်းလုံးပြိုင်ပွဲ (မူလအဆင့်) အမျိုးသမီး မျိုးကွဲပြိုင်ပွဲ၌ ဆုရရှိသူများအား (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းက ပေးအပ်ခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

# (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲစတင်ကျင်းပ



သတင်း - ကျော်သူရ
ဓာတ်ပုံ - ခင်မောင်ဝင်း

နေပြည်တော် ဒီဇင်ဘာ ၇

နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အားကစားရုံအမှတ်(အေ) တွင် ဝူရှူးအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ဒုတိယသမ္မတ ဦးညာဏ်ထွန်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ပူရှူးအားကစားပြိုင်ပွဲဖွင့်လှစ်ပြီးနောက် နံနက်ပိုင်းပွဲစဉ်များအဖြစ် ပြိုင်ပွဲ ငါးပွဲကျင်းပခဲ့ရာ နှစ်ဦးတွဲအတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်ဇင်သစ်နှင့် ဝေဖြိုးအောင်အတွဲက ရမှတ် ၉ ဒသမ ၆၄ မှတ်ဖြင့် ရွှေတံဆိပ်ဆု၊ ဖိလစ်ပိုင်နိုင်ငံက ရမှတ် ၉ ဒသမ ၆၂ မှတ်ဖြင့် ငွေတံဆိပ်ဆု၊ ထိုင်းနိုင်ငံက ရမှတ် ၉ ဒသမ ၆၀ မှတ်ဖြင့် စာမျက်နှာ ၃ သို့ »»

## ပါတာပိုလိုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

နေပြည်တော် ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်သည့် ပါတာပိုလို အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက်က စတင်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ပွဲစဉ်များ ဖြစ်သည့် ပွဲစဉ် (၃)တွင် ထိုင်းအသင်းနှင့် မလေးရှားအသင်း၊ ပွဲစဉ် (၄)တွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ နေပြည်တော် ဇေယျာသီရိ အားကစားကွင်းအတွင်းရှိ ပါတာပိုလိုအားကစားရုံ၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ထိုင်းအသင်းက မလေးရှားအသင်းကို ၉ဂိုး - ၃ ဂိုးဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို ၃၀-၁ ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

နည်းပြချုပ် Oleg Pletnev ကိုင်တွယ်ကြပ်မတ်သော ထိုင်းအသင်းသည် ပွဲကစားချိန် အပိုင်း(၁)တွင် နှစ်ဂိုး၊ အပိုင်း(၂)တွင် လေးဂိုး၊ အပိုင်း(၃)တွင် နှစ်ဂိုး၊ အပိုင်း(၄)တွင် တစ်ဂိုး စုစုပေါင်း ကိုးဂိုးသွင်းကာ မလေးရှားအသင်းကို အနိုင်ရယူခဲ့သည်။ မလေးရှားအသင်းမှာမူ ပွဲကစားချိန် အပိုင်း(၂)တွင် တစ်ဂိုး၊ အပိုင်း (၃)တွင် နှစ်ဂိုး စုစုပေါင်း သုံးဂိုးသာသွင်းယူနိုင်ခဲ့သည်။

ထို့အတူ နည်းပြချုပ် Jovinus Caroulus Legawa တာဝန်ယူကိုင်တွယ်သော အင်ဒိုနီးရှားအသင်းသည်လည်း ပွဲကစားချိန် အပိုင်း(၁)တွင် ၁၃ ဂိုး၊ အပိုင်း(၂)တွင် ရှစ်ဂိုး၊ အပိုင်း(၃)တွင် ရှစ်ဂိုး၊ အပိုင်း(၄)တွင် တစ်ဂိုး စာမျက်နှာ ၂ သို့ »»



မကြာမီဖွင့်လှစ်ပါတော့မည်
စီးပွားရေးလုပ်ငန်းများအတွက်
လက်လွှတ်မခံသင့်သော ရင်းနှီးမြှုပ်နှံမှု
သီရိရတနာ
လက်လီလက်ကား ရောင်းဝယ်ရေးနှင့်
အဝေးပြေး ကုန်တင်ယာဉ် ရပ်နားစခန်း
(မြောက်ဥက္ကလာပ)
(၆)လမ်းသွား သုဓမ္မာလမ်းမကြီးနဲ့ အမှတ်(၃)လမ်းမကြီး ဆုံရာမှာ တည်ရှိပြီး၊ အောင်မင်္ဂလာအဝေးပြေးဂိတ်ကို ဆယ်မိနစ်ပဲ လမ်းလျှောက်သွားရတဲ့ နေရာမှာရှိလို့ သွားရေးလာရေး လွယ်ကူတယ်
မော်တော်ဆိုင်ကယ်နှင့်စက်ဘီးအပိုပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ တာယာ၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်၊ လယ်ယာသုံးစက်ကိရိယာ၊ အိမ်ဆောက်ပစ္စည်း၊ အိမ်အလှဆင်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းတွေ တစ်နေရာတည်းမှာ ရနိုင်တဲ့ဈေးကြီးဗျ။
ငွေပေးငွေယူကိစ္စ လွယ်ကူစေဖို့ ဘဏ်တွေလည်းပါတယ်။
HIGHWAY ROAD
ထိုင်းနိုင်ငံက ဆွဲတဲ့ဒီဇိုင်းနဲ့
၂၀ ပေ × ၄၅ ပေ × (၂) ထပ်နဲ့
၁၄ ပေ × ၄၅ ပေ × (၂) ထပ်
အဆောက်အအုံတွေဆောက်မှာ .....ရှယ်ပဲ
Good!
နယ်ကုန်သည်တွေအတွက် အခန်း ၁၅၀ ပါတဲ့ ဟိုတယ် ၂လုံးလည်း ရှိမယ်။ စားသောက်ဆိုင်တွေလဲ ပါမယ်။
၄၀ပေ ကွန်တိန်နာ ယာဉ်အထိ ကုန်တင် ကုန်ချ လုပ်နိုင်တဲ့ ယာဉ်ရပ်နားဖို့ နေရာတွေ ပါတယ်။
ယာဉ်အစီးရေ ၂၀၀၀ လောက် ရပ်နားနိုင်တာကွ
Developed by
၂၄၅၊ ဗားဂရာလမ်း၊ မြေနီကုန်း၊
စမ်းချောင်း
01 516533~6
01 524963, 526928

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770







FORWARD
RENT A CAR
(ကျိုက်ထီးရိုးခနေ့ ချင်းပြန်သီးသန့် ခရီးစဉ်)
အပတ်စဉ် ( စနေ ၊ တနင်္ဂနွေ )
နံနက်စာ၊ နေ့လယ်စာ၊ ညစာ
တောင်တက်ကားခ၊ Service Guide
အဆင့်မြင့် Air-Con Bus၊ အဆင့်မြင့် Restaurant
'စင်းလုံးငှားသီးသန့် တောင်တက်ကား'
27000/-
01-391013 , 01-579831 , 095089800 , 0973172500

တိုး ဒီ နဲ့ GO ပြီ!
Amazing Shoppings!...
■ မန်ကောက် (၅ညအိပ်၊၆ရက်) Dec.14/22/28
■ ကိုရီးယား (၇ညအိပ်၊၈ရက်) Dec.25
■ ဂျပန် (၇ညအိပ်၊၈ရက်) Dec.23
■ ဟောင်ကောင်~မကာအို (၇ညအိပ်၊၈ရက်) Dec.25
■ မီယက်နမ် (၅ညအိပ်၊၆ရက်) Dec.25
■ ဘာလီ (၄ညအိပ်၊၅ရက်) Dec.25
■ ကမ္ဘောဒီးယား (၄ညအိပ်၊၅ရက်) Dec.25
■ စင်ကာပူ~မလေးရှား (၆ညအိပ်၊၇ရက်) Dec.28
၁၀၉၊ ပထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာ။ ဖုန်း - ၃၇၈ ၅၀၃၊ ၃၇၈ ၀၂၇၊ ၂၅၀ ၇၃၄၊ ၀၉ - ၇၃၀၅၀၄၀၆/၇၊ ၀၉ - ၅၁၄၅၅၃၉

ဂယာရွှေတိုင်

ဒီဇင်ဘာ အထူး အစီအစဉ်
(မှာ၊ ပွင့်၊ ပေါကာ၊ စံ)(၇)ရက်ခရီး (၇-၅) သိန်း 22.12.2013
(၁၅)ရက်ခရီးစဉ်များ 2014 - Jan-05 Jan-26
Feb-09 Mar - 02 Mar-23 Apr-13 သကြၤန်ဗိတ်ရက်
မှတ်ချက်။ ခရီးစဉ်တိုင်းတွင် (၁၆) ဦးသာ လက်ခံပါသည်။
Yangon Hot Lines : 221586 , 222527 , 09 73196436
Mandalay Hot Lines : 09 33274747 , 09402582048

ခရီးစဉ်အားလုံး Nice ဖြစ်ရမည် ဈေးနှုန်းလည်း Fair ဖြစ်ရမည်။ Happy New Year မှာ ပျော်ရွှင်မှု နှင့် အဆွေ့အကြုံသစ်များ ရဖို့အားပေးဖို့
✔ Nice Fare Travel IATA နှင့် ခရီးသွားကြစို့ ...........
✔ 'ဘန်ကောက်၊ ပတ္တရား' (၅) ညအိပ် (၆) ရက်ခရီးစဉ် 27 Dec *4Star Hotel*
✔ 'စင်္ကာပူ' (၄) ညအိပ် (၅) ရက်ခရီးစဉ် 28 Dec *4Star Hotel*
✔ 'ဟောင်ကောင်' (၇) ညအိပ် (၈) ရက်ခရီးစဉ် 25 Dec *4Star Hotel*
✔ 'ကမ္ဘောဒီးယား' (၅) ညအိပ် (၆) ရက်ခရီးစဉ် 25 Dec *4Star Hotel*
✔ 'မီယက်နမ်' (၆) ညအိပ် (၇) ရက်ခရီးစဉ် 26 Dec *4Star Hotel*
မရှိမအလင်း ဗုဒ္ဓဂယာခရီးစဉ်များမှာ – (၂၂) ဒီဇင်ဘာ ၊ (၁၂) ဇန်နဝါရီ ၊ (၂) ဖေဖော်ဝါရီ ၊ (၉) မတ် ၊ (၁၃) ဧပြီ – (၇ ညအိပ် ၈ ရက်ခရီးစဉ် – ဂယာနံ့ခွဲ)
ခရီးစဉ်အသေးစိတ်သိရှိလိုပါက -
***HO : 255699 , 393088 BO.1 : 09-450024079 , BO.2 : 09-43020890 ,***
***Mandalay Branch : 02- 30833 , 30844***


EDULINK
အင်္ဂလိပ်စာစွမ်းရည် တိုးတက်ချင်ပါသလား
ဒီဇင်ဘာတန်းခွဲသစ်များ ဖွင့်လှစ်နေပါပြီ
ENROL NOW
အွန်လိုင်းလျှောက်ရန် – goo.gl/ha1FPz
09-73162586, 09-421119895, 01-2305699
Building 4, Junction Square, Yangon
www.facebook.com/edulink.aus

ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
ဝန်းသျှင်းဘော်ဒါ (ဓါတ္တ၁၀တန်း)
အဆင့်မြင့်တသင်ပိုင်းများ (ဓါတ္တ၁၀တန်း)
အကောင်းဆုံး အကြံပြု တည်ဆောက်လိုသူများနှင့် ရည်မှန်းချက်ကြီးသူများ တက်ရောက်ရာ
English 4 skills( including special sentence writing & grammar) + Computer + Library + Music
Guide + Essay&Letter
Private
Hot Line - 01 545440, 01 552348, 09 420 700013, 09 420 700012

ရွှေနဂါး
အပူခံ သွပ်ပြား
-နေ့ရာသီအခါ ဒိဗ် (သို့) အဆောက်အအုံ အတွင်း အပူဒဏ်ကို မခံစားရခြင်း
-မိုးရာသီ အခါ ဒိဗ် (သို့) အဆောက် အအုံ အတွင်း မိုးရွာသည့်အသံကိုမကြားရခြင်း
-အပူခံသွပ်ပြား အတွင်းရှိ ဖြေလျှော့မှာ Expandable Poly Styrene (EPS) ကော်ဖော့ကို အသုံးပြုထားသောကြောင့် မီး မလောင်ကျွမ်းနိုင်ခြင်း
အပူခံသွပ်ပြား ထူးခြားချက်များ
-အပူချိန် ၉၀ ဒီဂရီစင်တီဂရိတ်မှ ၁၃၀ ဒီဂရီစင်တီဂရိတ်အထိခံနိုင်စွမ်းရှိခြင်း။
-နည်းစနစ်တကျတည်ဆောက်ပါက အနှစ် ၂၀ အထိပြုပြင်ရန် မလိုပဲယုံခြင်း။ ပေါ့ပါးခြင်း၊ သံချေးမတက်ခြင်း။

ဆက်သွယ်ရန်။ အမှတ်(၂၂)၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ Ph:01-685985, 685990

# လျှော်ဂျင်းကံစမ်း FUJI အစွမ်း ရဲ့ ကံစမ်းမဲ အစီအစဉ်ကို ဖွင့်လှစ်လိုက်ပါပြီ

## ဆုမဲများနှင့် ပေါက်မဲနံပါတ်များ

**(၂၅)သိန်းဆု**

က 1337627

**(၁၀)သိန်းဆု (၃) ဆု**

က 3493763 | က 3323450 | က 3314888

**(၅)သိန်းဆု (၄) ဆု**

က 1289122 | က 1086644 | က 1031840 | က 2326779

### ကျပ်ငါးသောင်းဆုများ (ပေါက်မဲနံပါတ်များရှေ့တွင် · 'က' အက္ခရာ ပါရှိပါသည်)

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 002627 | 182627 | 367627 | 547627 | 727627 | 1907627 | 2087627 | 2267627 | 2447627 | 2627627 | 2807627 | 2987627 | 3167627 | 3347627 |
| 007627 | 187627 | 372627 | 552627 | 732627 | 1912627 | 2092627 | 2272627 | 2452627 | 2632627 | 2812627 | 2992627 | 3172627 | 3352627 |
| 012627 | 192627 | 377627 | 557627 | 737627 | 1917627 | 2097627 | 2277627 | 2457627 | 2637627 | 2817627 | 2997627 | 3177627 | 3357627 |
| 017627 | 197627 | 382627 | 562627 | 742627 | 1922627 | 2102627 | 2282627 | 2462627 | 2642627 | 2822627 | 3002627 | 3182627 | 3362627 |
| 022627 | 202627 | 387627 | 567627 | 747627 | 1927627 | 2107627 | 2287627 | 2467627 | 2647627 | 2827627 | 3007627 | 3187627 | 3367627 |
| 027627 | 207627 | 392627 | 572627 | 752627 | 1932627 | 2112627 | 2292627 | 2472627 | 2652627 | 2832627 | 3012627 | 3192627 | 3372627 |
| 032627 | 212627 | 397627 | 577627 | 757627 | 1937627 | 2117627 | 2297627 | 2477627 | 2657627 | 2837627 | 3017627 | 3197627 | 3377627 |
| 037627 | 217627 | 402627 | 582627 | 762627 | 1942627 | 2122627 | 2302627 | 2482627 | 2662627 | 2842627 | 3022627 | 3202627 | 3382627 |
| 042627 | 222627 | 407627 | 587627 | 767627 | 1947627 | 2127627 | 2307627 | 2487627 | 2667627 | 2847627 | 3027627 | 3207627 | 3387627 |
| 047627 | 227627 | 412627 | 592627 | 772627 | 1952627 | 2132627 | 2312627 | 2492627 | 2672627 | 2852627 | 3032627 | 3212627 | 3392627 |
| 052627 | 232627 | 417627 | 597627 | 777627 | 1957627 | 2137627 | 2317627 | 2497627 | 2677627 | 2857627 | 3037627 | 3217627 | 3397627 |
| 057627 | 237627 | 422627 | 602627 | 782627 | 1962627 | 2142627 | 2322627 | 2502627 | 2682627 | 2862627 | 3042627 | 3222627 | 3402627 |
| 062627 | 242627 | 427627 | 607627 | 787627 | 1967627 | 2147627 | 2327627 | 2507627 | 2687627 | 2867627 | 3047627 | 3227627 | 3407627 |
| 067627 | 247627 | 432627 | 612627 | 792627 | 1972627 | 2152627 | 2332627 | 2512627 | 2692627 | 2872627 | 3052627 | 3232627 | 3412627 |
| 072627 | 252627 | 437627 | 617627 | 797627 | 1977627 | 2157627 | 2337627 | 2517627 | 2697627 | 2877627 | 3057627 | 3237627 | 3417627 |
| 077627 | 257627 | 442627 | 622627 | 802627 | 1982627 | 2162627 | 2342627 | 2522627 | 2702627 | 2882627 | 3062627 | 3242627 | 3422627 |
| 082627 | 262627 | 447627 | 627627 | 807627 | 1987627 | 2167627 | 2347627 | 2527627 | 2707627 | 2887627 | 3067627 | 3247627 | 3427627 |
| 087627 | 267627 | 452627 | 632627 | 812627 | 1992627 | 2172627 | 2352627 | 2532627 | 2712627 | 2892627 | 3072627 | 3252627 | 3432627 |
| 092627 | 272627 | 457627 | 637627 | 817627 | 1997627 | 2177627 | 2357627 | 2537627 | 2717627 | 2897627 | 3077627 | 3257627 | 3437627 |
| 097627 | 277627 | 462627 | 642627 | 822627 | 2002627 | 2182627 | 2362627 | 2542627 | 2722627 | 2902627 | 3082627 | 3262627 | 3442627 |
| 102627 | 282627 | 467627 | 647627 | 827627 | 2007627 | 2187627 | 2367627 | 2547627 | 2727627 | 2907627 | 3087627 | 3267627 | 3447627 |
| 107627 | 287627 | 472627 | 652627 | 832627 | 2012627 | 2192627 | 2372627 | 2552627 | 2732627 | 2912627 | 3092627 | 3272627 | 3452627 |
| 112627 | 292627 | 477627 | 657627 | 837627 | 2017627 | 2197627 | 2377627 | 2557627 | 2737627 | 2917627 | 3097627 | 3277627 | 3457627 |
| 117627 | 297627 | 482627 | 662627 | 842627 | 2022627 | 2202627 | 2382627 | 2562627 | 2742627 | 2922627 | 3102627 | 3282627 | 3462627 |
| 122627 | 302627 | 487627 | 667627 | 847627 | 2027627 | 2207627 | 2387627 | 2567627 | 2747627 | 2927627 | 3107627 | 3287627 | 3467627 |
| 127627 | 307627 | 492627 | 672627 | 852627 | 2032627 | 2212627 | 2392627 | 2572627 | 2752627 | 2932627 | 3112627 | 3292627 | 3472627 |
| 132627 | 312627 | 497627 | 677627 | 857627 | 2037627 | 2217627 | 2397627 | 2577627 | 2757627 | 2937627 | 3117627 | 3297627 | 3477627 |
| 137627 | 317627 | 502627 | 682627 | 862627 | 2042627 | 2222627 | 2402627 | 2582627 | 2762627 | 2942627 | 3122627 | 3302627 | 3482627 |
| 142627 | 322627 | 507627 | 687627 | 867627 | 2047627 | 2227627 | 2407627 | 2587627 | 2767627 | 2947627 | 3127627 | 3307627 | 3487627 |
| 147627 | 327627 | 512627 | 692627 | 872627 | 2052627 | 2232627 | 2412627 | 2592627 | 2772627 | 2952627 | 3132627 | 3312627 | 3492627 |
| 152627 | 332627 | 517627 | 697627 | 877627 | 2057627 | 2237627 | 2417627 | 2597627 | 2777627 | 2957627 | 3137627 | 3317627 | 3497627 |
| 157627 | 342627 | 522627 | 702627 | 882627 | 2062627 | 2242627 | 2422627 | 2602627 | 2782627 | 2962627 | 3142627 | 3322627 | |
| 162627 | 347627 | 527627 | 707627 | 887627 | 2067627 | 2247627 | 2427627 | 2607627 | 2787627 | 2967627 | 3147627 | 3327627 | |
| 167627 | 352627 | 532627 | 712627 | 892627 | 2072627 | 2252627 | 2432627 | 2612627 | 2792627 | 2972627 | 3152627 | 3332627 | |
| 172627 | 357627 | 537627 | 717627 | 897627 | 2077627 | 2257627 | 2437627 | 2617627 | 2797627 | 2977627 | 3157627 | 3337627 | |
| 177627 | 362627 | 542627 | 722627 | 902627 | 2082627 | 2262627 | 2442627 | 2622627 | 2802627 | 2982627 | 3162627 | 3342627 | |

FUJI ရဲ့ဒုတိယအကြိမ် (ခ)နံပါတ် ကံစမ်းမဲအစီအစဉ်ကို ဆက်လက်ကျင်းပပေးနေပါပြီ


C B BANK
စတိုင်ကျကျ လုံခြုံစိတ်ချရသော
EASi Travel Multi Currency Visa Card အား CB Bank တွင် ရယူနိုင်ပါပြီ !
C B BANK
EASi Travel
VISA
" EASi Travel Around the World"
Help Desk : (95)-1-378 905
Call Center : 1874
E-mail: contact@cbbankmm.com
Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar